## ဒုတိယပိုင်း

## Morailism Philosophy

၄၅၁။ လူတို့သည် ယေဘုယျအားဖြင့် ရှိရင်းမူအတိုင်း (အခြေအနေအတိုင်း) အချင်းချင်းပေါင်းသင်းနေကြရာမှ မိမိနှင့် စည်းစိမ်တန်းတူ ဂုဏ်တူတက်လာခြင်းနှင့် ကျော်တက်လာခြင်းဟူသော အခြေအနေပေါ် ပေါက်လာလျှင် မနာလိုအဘိဇ္ဈာစိတ်တို့သည် ဝင်ရောက်လာပြီး မူပြောင်းလဲလာမြဲဖြစ်လေသည်။

၄၅၂။ လူသာမန်တို့သည်ကြီးပွားတိုးတက်လာသူအား ဖိနှိပ်လိုခြင်း၊ မချမ်းသာလာစေခြင်းများမှာ လူတို့၏သဘာဝ မူရင်းစိတ်မဟုတ်ပေ၊ သံသရာမှဝါသနာနှင့်တကွ ပါခဲ့သော နိမ့်ကျသောဘာဝများမှ ဗီဇများဖြစ်လေသည်။

၄၅၃။ လူတို့သည် လွယ်ပြီးအသင့်ရှိနေသော နည်းစနစ်ကောင်းများ၊ အဘိုးထိုက်ပစ္စည်းများကို အသုံးမပြုလိုက်ကြကုန်၊ အထူးခက်ခဲစွာ တန်ဘိုးကြီးပေး၍ရမှသာ တန်ဘိုးရှိသယောင် စုံမက်စွာ ပြုတတ်လေ့ရှိသည်။

၄၅၄။ သင်သည်မိမိကိုယ်ကိုလည်းကောင်း၊ မိမိစိတ်ကိုလည်းကောင်း၊ မိမိအလုပ်ကိုလည်းကောင်း၊ စိတ်မဝင်စားဘဲသူတစ်ပါး အလုပ်ကိုလည်းကောင်း၊ စိတ်ဝင်စားနေလျှင် ပျက်စီးဆုံးရှုံးမည် ဖြစ်လေသည်။

၄၅၅။ ကမ္ဘာလောကခေါ်တွင် မိမိ၏ရပ်တည်နေရမှုအတွက် တိုက်ခိုက်နေရခြင်းသည်ဘဝ၊ မိမိ၏ခံစားမှုပြုသည်နှင့်အမျှ ပေးဆပ်နေရခြင်းသည်ဘဝ၊ အချိန်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေရခြင်း